# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၁၂) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)
## (သောကြာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း** **အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့ လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့ အနက် ၃၁၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၅.၃၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၇-၂-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ် များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၁၈ ဦးဖြစ်ပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၁၀၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များအနက် ၄၉ ဦးကတော့ ယမန်နေ့က ကြိုတင်ခွင့်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၅၅ ဦးရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၃) တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ ခွင့် ၁ ရက်၊

(၄) အရာတော်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၁ ရက်၊

(၆) သံတွဲမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၁ ရက်၊

(၇) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၁ ရက်၊

(၈) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့် ခွင့် ၁ ရက်၊

(၉) ဒဂုံမြို့သစ်အရှေ့ပိုင်းမဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၀) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ) ဦးဒီလုံး ခွင့် ၁ ရက်၊

(၁၁) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁ ရက်၊

(၁၂) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၈ ရက်၊

(၁၃) မင်းတပ်မဲဆန္ဒနယ်မှ ဦးထန်းလိန်း ခွင့် ၁ ရက်၊

(၁၄) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၁ ရက်၊

(၁၅) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၁၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၁ ရက်၊

(၁၇) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ ခွင့် ၁ ရက်၊

(၁၈) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး ခွင့် ၁ ရက်၊

(၁၉) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၈ ရက်၊

(၂၀) မိုင်းကိုင်မဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအေး ခွင့် ၁ ရက်၊

(၂၁) ထီးလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ဌေး ခွင့် ၁ ရက်၊

(၂၂) အိမ်မဲမဲဆန္ဒနယ်မှ ဦးစောဂျိမ်း ခွင့် ၁ ရက်၊

(၂၃) နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၂၄) ဖျာပုံမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၁ ရက်၊

(၂၅) ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်း ခွင့် ၁ ရက်၊

(၂၆) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၁ ရက်၊

(၂၇) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁ ရက်၊

မူကြမ်း

(၂၈) အင်ပူမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၂၉) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၃၀) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၃၁) ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၃၂) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၃၃) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၃၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၁ ရက်၊

(၃၅) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၃၆) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၃၇) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန် ခွင့် ၁ ရက်၊

(၃၈) ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေ ခွင့် ၅ ရက်၊

(၃၉) လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း ခွင့် ၁ ရက်၊

(၄၀) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင် ခွင့် ၁ ရက်၊

(၄၁) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၅ ရက်၊

(၄၂) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း ခွင့် ၈ ရက်၊

(၄၃) ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင် ခွင့် ၁ ရက်၊

(၄၄) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၁ ရက်၊

(၄၅) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၁ ရက်၊

(၄၆) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၁ ရက်၊

(၄၇) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင် ခွင့် ၁ ရက်၊

(၄၈) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၁ ရက်၊

(၄၉) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၁ ရက်၊

(၅၀) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၁ ရက်၊

(၅၁) ရေတာရှည်မဲဆန္ဒနယ်မှ ဦးမျိုးသန့် ခွင့် ၁ ရက်၊

(၅၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၅၃) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၁ ရက်၊

(၅၄) ဗိုလ်မှူးသိန်းဇော်ဝင်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်နှင့်

မူကြမ်း

(၅၅) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိ ပါ။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၉ ဦး ယနေ့ ခွင့်ပြု ထားသူ ၅၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၀၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်စတင် ဆောင်ရွက်ပါမယ်။

### အသုတ်မြို့ရှိ ၁၃၂ ကေဗွီခွဲရုံမှ ၆၆ ကေဗွီဓာတ်အားလိုင်းဆွဲပြီး ဂွမြို့သို့ ဓာတ်အားပေးရန် မည်သည့်နှစ် တွင်ဤစီမံကိန်းအားအကောင်အထည်ဖော်နိုင်ရန်နှင့်စပ်လျဉ်းသည့်မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရဂွမြို့ရဲ့ လျှပ်စစ်နဲ့ပတ်သက်တဲ့ကိစ္စ မေးခွန်းတစ်ခုကို ကျွန်တော်မေးပါ့မယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဂွမြို့မှာ ၂၀၀၂ ခုနှစ်ကစပြီး မြို့မီးလင်းရေးကော်မတီကတာဝန်ယူပြီး လျှပ်စစ် ဓာတ်အား

ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ပါတယ်။ မြို့မီးလင်းရေး ကော်မတီဆိုတာ မြို့မိမြို့ဖများမှ ဆောင်ရွက်သော NGO လူမှုရေးအသင်းများသာ ဖြစ်ပါတယ်။ မူလ ဖွဲ့စည်းစဉ်က လျှပ်စစ်မီးပေးချိန်ကို တိုးပေးနိုင်ရန် နိုင်ငံတော်မှ ဒီဇယ်ဆီဖြင့် သုံးနာရီပေးလို့ရတာကို လေးနာရီ၊ ငါးနာရီလောက်ပေးလို့နိုင်အောင်ဆိုပြီးတော့ ဒီဇယ်ဝယ်ယူပံ့ပိုးတဲ့ အဖွဲ့အစည်းအဖြစ်သာ ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းမှာ လျှပ်စစ်ဝန်ကြီးဌာနဟာ လုပ်ငန်းရဲ့ ရာခိုင်နှုန်းအများ အပြားကို ဒီကော်မတီကိုပဲ ထမ်းဆောင်ခိုင်းတဲ့သဘောမျိုး ဖြစ်နေပါတယ်။ ဂွမြို့က ဌာနပိုင် ၂၀၀ ကေဗွီအေ မီးစက်ဟာ သုံးမရတဲ့အတွက် မြို့လူထုမှစိုက်ထုတ်ပြီး ၂၅၀ ကေဗွီ မီးစက်တစ်လုံးကို ၁၅၆ သိန်းဖြင့် ၂၀၀၈ ခုနှစ်မှာ ဝယ်ယူခဲ့ရပါတယ်။ မီးစက်နှင့် ထပ်မံမလုံလောက်တဲ့အတွက်ကြောင့် ၂၀၀၉ ခုနှစ်မှာ ၃၁၂.၅ ကေဗွီအေ မီးစက်တစ်လုံးကို ၁၃၇.၃ သိန်းဖြင့် ထပ်မံပြီး အဲ့ဒီမီးစက်နှစ်လုံးနဲ့ ယနေ့ ထိအသုံးပြုနေပါတယ်။ ဒါ့အပြင် အဲ့ဒီမီးစက်ပေးရတဲ့ စက်ရုံနဲ့ ဘေးကရုံးအဆောက်အဦကိုလည်း မြို့နေလူထုရဲ့ပိုက်ဆံရဲ့ ဆောက်ရတာ ဖြစ်ပါတယ်။ ဒီလိုမျိုး မြို့လူထုဟာ ငြိမ်ပြီးလုပ်ပေးနေရပေမယ့် မီးလင်းရေးကော်မတီအနေနဲ့ ကိုယ်ပိုင်ဒီဇယ်ဆီနဲ့ထုတ်ရတဲ့ လျှပ်စစ်များအတွက် Royalty ဆိုတဲ့ထိုင် ကြေးက တစ်ယူနစ်ကို ငါးကျပ်နှုန်း၊ နိုင်ငံတော်ဆီနဲ့ထုတ်တဲ့ လျှပ်စစ်အတွက် တစ်ယူနစ်ကို သတ်မှတ် နှုန်း ၃၅ ကျပ်နဲ့ ၇၀ နှုန်း အကယ်၍များ ဧပြီလမှာ နိုင်ငံတော်က လျှပ်စစ်ခတ်အားခ ထပ်တိုးရင် ကော်မတီကထပ်ပြီးတော့ အဲ့ဒီအတိုင်းပေးရမှာ ဖြစ်ပါတယ်။ ဆိုလိုတာက ကျွန်တော်တို့ မြို့နယ် တွေဟာ ဒီလိုကော်မတီစနစ်နဲ့လုပ်ရပ်တွေကြောင့် မြို့လူထုဟာ ဝန်ပိနေပါတယ်။ ဂွမြို့ဟာ ဖွံ့ဖြိုးမှု အနည်းဆုံးဖြစ်ပေမယ့် ဒီနေ့လျှပ်စစ်ကဏ္ဍမှာ နိုင်ငံတော်က ဂွမြို့ကိုပံ့ပိုးတာနဲ့ အဆပေါင်းများစွာ ဂွမြို့ကလူထုက နိုင်ငံတော်ကို ပံ့ပိုးတဲ့သဘောမျိုးဖြစ်နေပါတယ်။ အဲ့တော့ ဒီဘဝက လွတ်မြောက် ဖို့အတွက် လျှပ်စစ်ခတ်အား၊ မဟာခတ်အားလိုင်းမှရရှိတာ အဓိကဖြစ်ပါတယ်။ ဒီအချိန်မှာ ပဉ္စမ ကာလတို ငါးနှစ်စီမံကိန်းရေးဆွဲစဉ်တုန်းက အသုတ်ခွဲရုံအား ၆၆ ကေဗွီလိုင်း၊ ၆၂ မိုင်ကို ၂၀၁၃-၂၀၁၄ မှာ ၄၀ ရာခိုင်နှုန်းပြည့်အောင်ဆောင်ရွက်မယ်၊ ၂၀၁၄-၂၀၁၅ မှာ ၆၀ ရာခိုင်နှုန်းပြည့်အောင်ဆောင် ရွက်မယ်ဆိုပြီးတော့ ရေးဆွဲခဲ့ပါတယ်။ ဒါပေမယ့် ယနေ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုလျာထားချက်နောက်ဆက်တွဲ(၂) အခြားဆောက်လုပ်မှု လုပ်ငန်းမှာပါတဲ့ ကျပ်သန်းပေါင်း ၅၇၃၅.၅၃၅ ရှိတဲ့ ၆၆ ကေဗွီလိုင်း ၁၆ လိုင်းရဲ့ တည်ဆောက်မှုမှာ ကျွန်တော်တို့ ဂွမြို့မပါရှိပါဘူး။ အဲ့ဒီတော့ ဂွမြို့အနေနဲ့ သံတွဲမြို့က မိုင် ၈၀ ဝေးတယ်၊ ဧရာဝတီတိုင်း ငသိုင်းကျွန်းက ၅၅ မိုင်ဝေးတဲ့ အတွက်ကြောင့် ဒီ ၂၃၀ ကေဗွီအေ အသုတ်ရေကြည်ခွဲရုံက မြန်မြန်ခတ်အား ရရှိမှသာလျှင် ကျွန်တော် တို့လူထုဝန်ပိနေတဲ့ကော်မတီရဲ့ကိစ္စဟာ အဆင်ပြေသွားမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော် ဥက္ကဋ္ဌ ကြီးမှတစ်ဆင့် မေးချင်တဲ့မေးခွန်းကတော့ ဂွမြို့အား အသုတ်မြို့ရှိ ၁၃၂ ကေဗွီခွဲရုံမှ ၆၆

ကေဗွီ ဓာတ်အားလိုင်းဆွဲပြီး ဓာတ်အားပေးရေးကိစ္စအား မည်သည့်နှစ်တွင် အကောင်အထည်ဖော်နိုင်ပါမည် ဆိုတဲ့မေးခွန်းပဲဖြစ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး (ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်က တော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာ၏ မေးခွန်းကို ရှင်းလင်း ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဂွမြို့ကို လျှပ်စစ်ဓာတ်အားပေးရန်အတွက် ဧရာဝတီ တိုင်းဒေသကြီး၊ အသုတ်မြို့မှာရှိတဲ့ ၂၃၀/၆၆ ကေဗွီ ၁၀၀ ကေဗွီအေဓာတ်အားခွဲရုံမှ ၆၆ ကေဗွီ ဓာတ် အားလိုင်းဖြင့် ဓာတ်အားပေးရန် ပဉ္စမကာလတို ငါးနှစ်စီမံကိန်းရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မူလကထည့်သွင်းလျာထားခဲ့ပါတယ်။ သို့သော်လည်း ဘဏ္ဍာငွေကန့်သတ်ချက်အရ ညှိနှိုင်းတဲ့အခါမှာ ပြန်လည်လျှော့ပေးခဲ့ရတဲ့ပမာဏ ညှိနှိုင်းခဲ့ရခြင်းကြောင့် ယခုစီမံကိန်းဥပဒေကြမ်းမှာပါဝင်လာခြင်း မရှိတဲ့ အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထပ်မံ၍ တင်ပြတောင်းခံပေးသွားမှာဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မော်လိုက်မြို့ရှိ ချင်းတွင်းမြစ်ကမ်းနားလိုင်းနှင့် မြို့တွင်းလိုင်းအတွက် မီးအားမြှင့်စက်တစ်လုံးစီနှင့် မီးကြိုးလိုင်းများ အသစ်အစားထိုးလဲလှယ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသောင်း မော်လိုက်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်း(မော်လိုက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမှာကတော့ ကျွန်တော်တို့ မော်လိုက် မြို့နယ်ကို မီးအားမြှင့်စက် နှစ်လုံးတပ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ကြိုးအဟောင်းများကို အသစ် လဲပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ မော်လိုက်မြို့ပေါ်မှာ လျှပ်စစ် မီးစက်သစ် တစ်လုံးရရှိရေးအတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ တင်ပြခဲ့ရာ

လျှပ်စစ်မီးစက်အသစ် Inmesol အမျိုးအစား ၅၀၀ ကေဗွီအေ စက်တစ်လုံးရရှိခဲ့ပါတယ်။ မြို့အတွက် လစဉ် တည်ဆဲခွင့်ပြုချက်မှာ ဂါလံ ၁၁၇၈ ရရှိပါတယ်။ တစ်ညကို နှစ်နာရီခန့် လျှပ်စစ်မီး ရရှိနေပါတယ်။ အိမ်သုံးမီတာက အလုံးရေ ၇၀၀ ကျော်ရှိနေတဲ့အတွက် သုံးစွဲနေသည့်အတွက် မြို့အနေအထားမှာ ၇၀၀ လုံးရှိသည့်အပြင် ကျွန်တော်တို့ မော်လိုက်မြို့နယ်ဟာဆိုလို့ရှိရင် ချင်းတွင်း မြစ်ကမ်းပါးမှာ တည်ဆောက်ထားတဲ့အတွက် ရှည်သောမြို့ ဖြစ်ပါတယ်။ အဲ့ဒီကမ်းနားလမ်း မှာဆိုလို့ ရှိရင် ကမ်းနားလမ်းရယ်၊ မြို့တွင်းလမ်းရယ်ဆိုလို့ရှိရင် စက်ရှိတဲ့နေရာနဲ့ လိုင်းအဆုံးဟာဆိုလို့ ရှိရင် စုစုပေါင်း ၁၃ မိုင်လောက် ရှည်လျားနေပါတယ်။ စက်နဲ့အဝေးဆုံးနေရာတွေမှာ ဆိုလို့ရှိရင်ချင်းတွင်း မြစ်ကမ်းပါး လျှပ်စစ်လိုင်းဟာဆိုလို့ရှိရင် အဆုံးနေရာမှာဆိုလို့ရှိရင် ၆၅ ဗို့ နဲ့ ၈၅ ဗို့ အကြားမှာပဲရရှိ ပါတယ်။ ထို့အတူပဲ မြို့တွင်းလမ်းအဆုံးနေရာတွေမှာ ဆိုလို့ရှိရင်လည်း ၆၅ ဗို့ နဲ့ ၈၅ ဗို့ပဲ ကျွန်တော်တို့ မီးအားရှိနေပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ မော်လိုက်မြို့နယ်မှာဆိုလို့ရှိရင် လျှပ်စစ်ဓာတ်အားစက်နဲ့ အင်အားနဲ့မမျှတဲ့အခါကျတော့ မီးဟာ လျှပ်စစ်မီးရရှိတယ်ဆိုသော်လည်းပဲ ကျွန်တော်တို့ဒေသမှာ ဆိုလို့ရှိရင် ကညင်ဆီ၊ ရေနံဆီတို့ သုံးစွဲနေရတဲ့ အခြေအနေမျိုးရှိပါတယ်။ ကျောင်းသူ/ကျောင်းသား တွေဟာဆိုလို့ရှိရင်လည်း ကျွန်တော်တို့ ညမှာအဲ့ဒီ ဖယောင်းတိုင်နဲ့ကညင်ဆီ၊ ရေနံဆီကို အသုံးပြုနေရ ပါတယ်။ အဲ့တော့ မကြာမကြာ ကျွန်တော်တို့ မော်လိုက်မြို့နယ်မှာမီးလန့်မှုဖြစ်နေပါတယ်။ အဲ့ဒါ ကြောင့်မို့လို့ ကျွန်တော်တို့ ဒီမီးစက်အသစ်ရသော်လည်းပဲ သုံးစွဲတဲ့ အင်အားနဲ့ လျှပ်စစ်မီးအားဟာမမျှ တဲ့အတွက် မီးအားဟာဆိုလို့ရှိရင် ရေဒီယိုဖွင့်တာတို့၊ တီဗွီဖွင့်တာတို့ဆိုလို့ရှိရင် အဲ့ဒီလိုင်းနဲ့အဝေးဆုံး နေရာတွေမှာ လုံးဝဖွင့်လို့မရပါဘူး။ အဲ့ဒါကြောင့်မို့လို့ လျှပ်စစ်မီးပိုမိုလင်းနိုင်စေရေးအတွက် ကမ်းနား လမ်းအတွက် ၅၀၀ ကေဗွီအေမီးအားမြှင့်စက်တစ်လုံး၊ မြို့တွင်းလိုင်းအတွက် ၂၀၀ ကေဗွီအေမီးအား မြှင့်စက်တစ်လုံး စုစုပေါင်း မီးအားမြှင့်စက်နှစ်လုံး တပ်ဆင်ပေးနိုင်ခြင်းရှိ/မရှိနှင့် ကြိုးများဟာဆိုလို့ရှိ ရင်လည်းပဲ ၁၉၅၈ ခုနှစ်ကစတင်ပြီးတော့ အသုံးပြုခဲ့တဲ့အတွက် ကြိုးတွေဟာဟောင်းနွမ်းနေပြီဖြစ်ပါတယ်။ အဲ့ဒါကို လဲလှယ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ကျွန်တော်က ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုက်ရခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

မူကြမ်း

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသောင်း၏ မေးခွန်းကို ရှင်းလင်းဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။ မော်လိုက်မြို့မှာ အိမ်ခြေ ၁၀၅၁ အိမ်ရှိပြီးတော့ မီးသုံးသူဦးရေ ၆၃၂ ဦးကို ဒီဇယ်ဓာတ်အားပေးစက် ဖြင့် တစ်နေ့လျှင် နှစ်နာရီ ဓာတ်အား ဖြန့်ဖြူးပေးထားပါတယ်။ ယခင်က မီးလင်းရေးကော်မတီပိုင် ၃၀၀ ကေဗွီအေ ကူမင်း(Cummin) စက်ဖြင့်လည်းကောင်း၊ ဓာတ်အားပေးခဲ့ပြီး ၂၄-၅-၂၀၁၃ ရက်နေ့မှစပြီး ဌာနပိုင် ၅၀၀ ကေဗွီအေ အင်မျူးဆိုး (Inmesol) စက်ဖြင့် ယခုအချိန်ထိ ဓာတ်အားပေးလျှက်ရှိပါ တယ်။

မော်လိုက်မြို့အတွက် မြို့မ(၁)၊ မြို့မ(၂)ရပ်ကွက်များမှာ သစ်သားတိုင်နှင့် သံတိုင်များကို ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ၀.၄/၁၁ ကေဗွီ ၅၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးတိုးချဲ့တပ်ဆင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေး နှစ်တွင်လည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ရန်ပုံငွေမှ ဆောင်ရွက်ရန် ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။ ကျန်ရှိသော ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ထရန်စဖော်မာခွဲရုံများ၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခြင်း၊ အစားထိုး တည်ဆောက်ခြင်း၊ ပြုပြင်လဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှစပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တွေရဲ့ ဘတ်ဂျက်ရန်ပုံငွေများ မှာထည့်သွင်းလျာထားဆောင်ရွက်ရန် ညှိနှိုင်းပြီးဖြစ်ပါတယ်။ အဲ့ဒီဆောင်ရွက်ရမယ့်လုပ်ငန်းတွေကို တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာမှ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်အလိုက် ဘတ်ဂျက်ရန်ပုံငွေ တင်ပြတောင်းခံပြီး ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဂျပန်နိုင်ငံမှ ရောက်ရှိလာမည့် ရေအားလျှပ်စစ်တပ်ဆင်ရေးအဖွဲ့ အမှန်တကယ်လာရောက်ရန် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်စိန်(မာန်အောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းအပေါင်းနှင့် ပြည်စုံပါစေလို့ ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ်က ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမယ့်မေးခွန်းကတော့ လေအားလျှပ်စစ်ဖြင့် မီးလင်းနိုင်ရေးကိစ္စဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မာန်အောင်မြို့ နယ်က ကျွန်းလိုဖြစ်နေလို့ လေတိုက်နှုန်းက ပြင်းပါတယ်။ တောင်လေနှင့် မြောက်လေဆိုရင် အမြဲတမ်း လိုလို အရမ်းတိုက်ပါတယ်။ ရခိုင်ပြည်နယ်တစ်ခုလုံး မဟာဓာတ်အားလိုင်းမှ ၂၄ နာရီမီးရရှိနိုင်ဖို့လည်း ကျွန်တော်တို့မြို့နယ်တစ်ခုကတော့ လျှပ်စစ်မီးမရနိုင်တဲ့ အထီးကျန်မြို့လေးတစ်ခုဖြစ်နေပါတယ်။ အနီးဆုံးနေရာဖြစ်တဲ့ ရမ်းဗြဲနဲ့ မာန်အောင်ကျွန်းအကြားမှာ ရေလက်ကြားဟာ ငါးမိုင်ကျော် ကွာဝေးနေပါတယ်။ ရေအောက်လိုင်းနဲ့ ဆက်သွယ်ပြီးတော့ လျှပ်စစ်မီးရစေရန်ပေးနိုင်ကြောင်း လျှပ်စစ်ဝန်ကြီးဌာန ကလည်း ပြန်ကြားထားပါတယ်။ အခုအခါ ဂျပန်နိုင်ငံက လျှပ်စစ်ပညာရှင်များ မြန်မာနိုင်ငံသို့ ရောက်လာပြီး လေအားလျှပ်စစ်ရရန်ကူညီပေးမည်။ အဓိကအားဖြင့် ရခိုင်ပြည်နယ်ကို ဦးစားပေး၍ လေအား လျှပ်စစ်ရရှိနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဟု ရန်ကုန်က သတင်းရရှိတဲ့အတွက်ကြောင့် ဝမ်းသာပီတိဖြစ်ပြီး မေးမြန်းရခြင်းဖြစ်ပါတယ်။ နောက်ထပ်သတင်းရတာကတော့ ဂျပန်နိုင်ငံကမဟုတ် ဘူး။ အခြားနိုင်ငံတစ်ခုက လာရောက်ကူညီမှာလို့ ကြားရပြန်ပါတယ်။ ဘယ်နိုင်ငံကပဲဖြစ်ဖြစ် လာကူညီ သည်ဖြစ်စေ ဝမ်းသာအားရလက်ခံရမှာပါ။ အဲ့ဒီလေအားလျှပ်စစ်ကို အများဆုံးအသုံးပြုနေတာက တော့ ဥရောပနိုင်ငံတွေဖြစ်တဲ့ ဟန်ဂေရီနိုင်ငံ၊ အိုစီးရီးယားနိုင်ငံ၊ ပိုလန် စတဲ့နိုင်ငံတွေကို အများဆုံး အသုံးပြုနေပါတယ်။ တကယ်လို့ ကျွန်တော်တို့နိုင်ငံမှာလည်း ရေအားလျှပ်စစ်မရနိုင်တဲ့နေရာတွေကို လေအား လျှပ်စစ်အသုံးပြုသင့်ပါတယ်။ ဒါမှ တစ်နိုင်ငံလုံး ၂၄ နာရီမီးလင်းသွားမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းလိုတာကတော့ အဲ့ဒီလို လေအားလျှပ်စစ်တပ်ဆင်ရေး အဖွဲ့ အမှန်တကယ်လာရောက်ရန်ရှိ/မရှိနှင့် ရောက်ရှိလာပါက ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို ဦးစားပေး၍လုပ်ဆောင်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မာန်အောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိန်၏ မေးခွန်းကို ရှင်းလင်းတင်ပြဖြေကြားမှာဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ရဲ့နိုင်ငံမှာရှိတဲ့ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှာ လေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအတွက် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း လေ့လာမှုလုပ်ငန်းများဆောင်ရွက်ဖို့ China Three Gorges Corporation နှင့် နားလည်မှုစာချွန်လွှာ (MOU) ကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်ခင်ဗျား။ နားလည်မှုစာချွန်လွှာ (MOU) ပါ China Three Gorges Corporation က အကြိုစူးစမ်းတိုင်းတာမှုများကို ဖော်ပြပါ တိုင်းဒေသကြီး/ပြည်နယ်လေးခုအတွင်း မှာ လေအားလျှပ်စစ်ထုတ်ယူနိုင်တဲ့ အလားအလာရှိတဲ့နေရာတွေမှာ လေ့လာဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်မှာလည်း China Three Gorges Corporation က လေအားလျှပ်စစ်ထုတ်ယူနိုင် သောစီမံကိန်းနေရာ ၁၀ ခုကို တိုင်းတာလေ့လာမှုများပြုလုပ်လျက်ရှိပြီးတော့ တိုင်းတာရရှိတဲ့ လေ တိုက်နှုန်းနဲ့ ပတ်ဝန်းကျင်မြေနေရာအနေအထား ၎င်းတို့ရဲ့စီမံကိန်းများကို လက်တွေ့အကောင် အထည်ဖော်နိုင်မယ့်ပုံစံဒီဇိုင်း၊ တစ်နှစ်မှာရရှိနိုင်တဲ့ လေစွမ်းအင်ပမာဏ၊ စီးပွားရေးတွက်ချေကိုက်မှု၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလေ့လာချက်များ စသည်တို့ကို အားလုံးတွက်ချက်ပြီးတော့မှ အစီရင်ခံ စာတင်ပြမှာဖြစ်ကြောင်း ညှိနှိုင်းရရှိထားပါတယ်။ ၎င်းတို့တင်ပြမယ့်အစီရင်ခံစာအရ စီမံကိန်းဖြစ် မြောက်နိုင်စွမ်းရှိတဲ့နေရာတွေမှာ လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မောက်မယ်မြို့နယ်အတွက် (33 KVA) ဓာတ်အားခွဲရုံဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် လျှပ်စစ်ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးခြင်း၊ ကွန်ကရစ်မီးတိုင်များ လဲလှယ်ပေးမည့် အစီအစဉ်များကိုသိရှိလိုသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း ဖြစ်ပါတယ်ခင်ဗျား။ မောက်မယ်မြို့နယ် အတွင်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပို့လွှတ်မှု အဆင့်မြှင့်တင်ခြင်းနှင့်ပတ်သက်၍ မေးခွန်းမေးမြန်းခွင့် တောင်းခံအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တို့မောက်မယ်မြို့နယ်အတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးပေးနေသောလျှပ်စစ်မီးမှာ ကျိုင်းတောင်းရေအား လျှပ်စစ်ဖြစ်ပြီး မိုးနဲမြို့မှ မောက်မယ်အထိ ၁၁ ကေဗွီအေလိုင်းခွဲ ပို့လွှတ်ပေးပါသည်။ ယခုအခါ လျှပ်စစ်သုံးစွဲမှုတိုးတက်များပြားလာခြင်းကြောင့် နိုင်နင်းမှုအားနည်းသည့် အနေအထားရှိပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှ ကိုယ့်အားကိုယ်ကိုးမီးလင်းရေးဆောင်ရွက်မည့် အစီအစဉ်များလည်းရှိနေ ပါတယ်။ မောက်မယ်မြို့နယ်အတွက် ၃၃ ကေဗွီအေ လိုင်းခွဲရုံချထားပေးမည်ဟု ကြားသိရပါသော် လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို အတိအကျ မသိရှိရသေးပါ။ ဓာတ်အား လိုင်းမြှင့်တင်ခြင်းနှင့်အတူ ထရန်စဖော်မာလိုအပ်ချက်များနှင့် ရပ်ကွက်အချို့တွင်စိုက်ထူ ထားသော သစ်သားမီးတိုင်များကိုလည်း ကွန်ကရစ်တိုင်များအဖြစ် အဆင့်မြှင့်တင်ပေးစေလိုပါသည်။ မိုးတွင်းကာလများတွင် သက်တမ်းကြာမြင့်သော သစ်သားလမ်းမီးတိုင်များ အန္တရာယ်ရှိနေပါသည်။ ရပ်ကွက်လူထုတွေ့ဆုံပွဲများတွင် မီးအားနည်းသဖြင့် ချက်ပြုတ်ရေးအလုပ်အကိုင်များနှင့် အဆင်မပြေ ကြောင်း၊ လမ်းမီးတိုင် ကွန်ကရစ်တိုင်အဖြစ်သို့ လဲလှယ်ပေးစေလိုကြောင်း ပြည်သူလူထု၏ တင်ပြ ချက်များရှိခဲ့ပါသဖြင့် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာ မေးမြန်းအပ်ပါသည်။ မေးခွန်း(၁) မောက်မယ်မြို့နယ်အတွက် ၃၃ ကေဗွီအေဓာတ်အား ခွဲရုံ ဆောင်ရွက်ပေးမည့်အစီအစဉ်များကို သိရှိလိုပါသည်။ မေးခွန်း(၂) ဓာတ်အားပို့လွှတ်မှု အဆင့်မြှင့် တင်ခြင်းနှင့်အတူ လက်ရှိထရန်စဖော်မာ တိုးချဲ့တပ်ဆင်ပေးခြင်း ကွန်ကရစ်မီးတိုင်များ လဲလှယ်ပေးမည့် အစီအစဉ်များကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သန်းဦး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မောက်မယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးစိုင်းဝေါင်းဆိုင်ဟိန်း၏ မေးခွန်းကို ရှင်းလင်းတင်ပြဖြေကြားမှာဖြစ်ပါတယ်။ မောက်မယ်မြို့ နယ်ကို မိုးနဲ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံက ၁၁ ကေဗွီဓာတ်အားလိုင်း ၂၇.၅ မိုင်ဖြင့် ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးထားပါတယ်။ မီးသုံးသူဦးရေ ၁၂၅၀ ဦးရှိပြီးတော့ မြို့ပေါ်မှာ ကျွန်တော်တို့ လျှပ်စစ် ဌာနပိုင် ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးထား လျက်ရှိပါတယ်။ ထရန်စဖော်မာများအနေနဲ့ကတော့ ဝန်အားသုံးစွဲမှု ၅၀ ရာခိုင်နှုန်းခန့်သာ အများဆုံး ရှိသဖြင့် လက်ရှိအခြေအနေမှာ ၃၃ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ရန် မလိုအပ်သေးကြောင်း တွေ့ရှိရပါတယ်။ ၁၁ ကေဗွီဓာတ်အားလိုင်းနဲ့ ၁၁ ကေဗွီ ဓာတ်အားခွဲရုံများ၊ ဓာတ်အားလိုင်းများကို တိုးချဲ့တည်ဆောက်ခြင်း၊ အစားထိုးတည်ဆောက်ခြင်းနဲ့ ပြုပြင်လဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစပြီးတော့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတွေရဲ့အဖွဲ့နဲ့ညှိနှိုင်းပြီး ၎င်းတို့ရဲ့ ဘတ်ဂျက်ရန်ပုံငွေမှာ ထည့်သွင်းလျာထားတောင်းခံရန် စီစဉ်ညှိနှိုင်းထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဆွေးမြည့်သစ်သားတိုင်နဲ့ ကွန်ကရစ်တိုင်များ လဲလှယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာကနေပြီးတော့မှ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ကို တင်ပြပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ နှစ်အလိုက်ဘတ်ဂျက်ရန်ပုံငွေ တင်ပြတောင်းခံပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးလေးစားပါတယ်ခင်ဗျား။ (သြဘာသံများ)

**ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်အရ ဆောင်ရွက်ပြီးစီးမှုများ သုံးသပ်တင်ပြပေးရေးနှင့်စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာနေလင်း၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာနေလင်း(ဆိပ်ကမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်းဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်းမယ့် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပတ်သက်ပြီးတော့ အဓိကရည်ရွယ်ချက်ကတော့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်းနဲ့ဆောင်ရွက်ပြီးစီးမှုအခြေ အနေများကိုသိရှိရန်၊ နောက် ဒုတိယတစ်ချက်ကတော့ ကျွန်တော်တို့ ဗဟိုမှချုပ်ကိုင်ထားတဲ့လုပ်ငန်း များကိုဖြေလျှော့ပေး စေလိုတဲ့ဆန္ဒနဲ့ ကျွန်တော်ရည်ရွယ်ချက်နဲ့မေးမြန်းခြင်းဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတဲ့အခါမှာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်းမှာ သူတို့ရဲ့မဲဆန္ဒနယ်အတွင်းမှာရှိတဲ့ ကျေးလက်ကျန်းမာ ရေးဌာနတွေ၊ ဌာနခွဲ တွေနဲ့ပတ်သက်ပြီးတော့ တိုက်နယ်ဆေးရုံများနှင့်ပတ်သက်ပြီးတော့ အခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အထိ ဆောင်ရွက်မှုတွေမပြုနိုင်သေးတဲ့အတွက်ကြောင့် ဥပမာအားဖြင့်ဆိုလို့ရှိရင် မှော်ဘီမြို့နယ်မှာ ထန်းတပင်၊ နဲသမိန်တိုက်နယ်ဆေးရုံနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့နှစ်က သန်း ၁၀၀ ချပေး ခဲ့ပါတယ်။ လက်ရှိမှာ ဆောင်ရွက်နိုင်ခြင်းမရှိသေးပါဘူး။ ထိုအတူပဲ ရေစို၊ ကွဲကူး၊ ရွှေကြာ၊ ဗရိုက် ကျေးလက်ကျန်းမာရေးဌာနခွဲများ ချင်းပြည်နယ်မှာရှိတဲ့၊ တီးတိန်မြို့နယ်မှာရှိတဲ့ ဟိုင်မွာ ကျေးရွာသစ်၊ ရှမ်းပြည်နယ် နမ့်တူ၊ မိုင်းရယ် ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် အဆင့်မြှင့်တင်ဖို့ အစရှိတဲ့ ဆောင်ရွက်ဆဲ ဖြည့်စွက်လုပ်ငန်းသစ်များနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်ပြီးစီးမှုမရှိသေးတဲ့ အတွက်ကြောင့် ကျန်းမာရေး ဝန်ကြီးဌာနအနေနဲ့ ပြီးခဲ့တဲ့ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် အတွင်းမှာ အသုံးစရိတ်ကျပ်သန်းပေါင်း ၅၂၈ ဘီလီယံကျော်ကျွန်တော်တို့ ချပေးပြီးဖြစ်ပါတယ်။ ငွေလုံးငွေရင်းအသုံးစရိတ်အနေနဲ့ဆိုရင်လည်း ၂၂၀.၅၃၆ ဘီလီယံအထိ ကျွန်တော်တို့ အဆောက်အဦ အပိုင်း၊ စက်ပစ္စည်းကိရိယာဝယ်ယူရေးအပိုင်း၊ ရုံးသုံးပစ္စည်းပရိဘောဂနှင့် ယာဉ်များဝယ်ယူရေး အတွက် ခွဲဝေချထားပြီး ပြည်ထောင်စုလွှတ်တော်ကနေ လျာထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပြုပြင်ပြီး အသုံးစရိတ်ဖြစ်တဲ့ ငွေလုံးငွေရင်းအသုံးစရိတ် ၂၂၀.၅၃၆ ဘီလီယံမှာ ကျန်းမာရေးဝန်ကြီး ဌာနအနေနဲ့ အဆောက်အဦများနဲ့ ပတ်သက်ပြီးတော့ အထူးသဖြင့် လုပ်ငန်းသစ်အပိုင်း၊ စက်ပစ္စည်း ကိရိယာများ၊ ဆေးရုံကြီးများကို ကျွန်တော်တို့ဝယ်ယူတပ်ဆင်ရေးအပိုင်း၊ ရုံးသုံးပစ္စည်းကိရိယာများ၊ ပရိဘောဂများနဲ့ ယာဉ်များ အထူးသဖြင့် Ambulance များ ဝယ်ယူပြီးစီးမှု အခြေအနေများနဲ့ ဆေးရုံ ကြီးများမှာ အထူးသဖြင့် ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှု အထူးဂရုပြုဆောင်ရွက်နိုင်ဖို့အတွက် ဆေးဝါးဝယ်ယူခွဲဝေပေးမှု အပိုင်းများကိုသိရှိ လိုတဲ့အတွက်ကြောင့် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ တင်ပြပါ ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်းရဲ့ မေးခွန်းအား ကျွန်တော့်အနေဖြင့် ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံး၏ ဖြည့်စွက်လုပ်ငန်းတစ်ခုအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူပြီး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေး လုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်း ၈ ခုသည် ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပြီး ဖြည့်စွက်လုပ်ငန်း ၂၅၄ ခုသည် ၆၀ ရာခိုင်နှုန်းဆောင်ရွက်လျက်ရှိပါတယ်။ ထို့အတူ လုပ်ငန်းသစ် ၂၆၀ ခု ၄၀ ရာခိုင်နှုန်းသည် ဆောင်ရွက်ပြီးဖြစ်၍ ၂၀ ရာခိုင်နှုန်းသည် ပစ္စည်းများစုဆောင်းလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အတူ ရုံးသုံးစက်ကိရိယာများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ မိတ္တူကူး စက်များ၊ ရုံးသုံးပရိဘောဂနှင့် လူနာတင်ယာဉ် ၅၆ စီး ဝယ်ယူခြင်းကို ငွေလုံးငွေရင်းအသုံးစရိတ်မှ ၇၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါတယ်။ ပြည်ပအကူအညီနှင့် ဂျပန်နိုင်ငံအစိုးရမှ မြန်မာနိုင်ငံအလယ်ပိုင်း ဒေသကျေးလက်ကျန်းမာရေး အဆင့်မြှင့်တင်ခြင်း၊ စီမံချက်ဖြင့်ဆောင်ရွက်နေသော ကျေးလက် ကျန်းမာရေးဌာန ၃၂ ခု ဆောက်လုပ်ခြင်းလုပ်ငန်းသည်လည်း ၄၂ ရာခိုင်နှုန်းဆောင်ရွက်ပြီးဖြစ်ပါ တယ်။ ထို့အတူ ပြည်ပအကူအညီဖြင့် ဂျပန်နိုင်ငံအစိုးရမှ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ဆေးရုံ များအတွက် ဆေးဘက်ဆိုင်ရာကိရိယာများ ထောက်ပံ့ခြင်းအတွက် ၂၄-၁၀-၂၀၁၃ ရက်နေ့တွင် ဂျပန် နိုင်ငံ Mitsubishi Corporation နှင့် ကျန်းမာရေးဝန်ကြီးဌာန တို့စာချုပ်ချုပ်ဆိုပြီး ဆေးဘက်ဆိုင်ရာ ကိရိယာများဖြည့်ဆည်းနိုင်ရေး JICA အဖွဲ့မှ တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆေးရုံများအား ထောက်ပံ့နိုင်ရန်အတွက် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၁၆၄၀၀၀၀၀၀ ကျပ်တန်ဖိုးရှိ ဆေးရုံသုံးပရိဘောဂများကို စက်မှုဝန်ကြီးဌာနသို့ အမှာစာပေးပို့၍လည်းကောင်း၊ ကျပ်သန်းပေါင်း ၁၀၅.၅၄၄ ဘီလီယံတန်ဖိုးရှိ ဆေးရုံသုံးစက်ကိရိယာများကို တင်ဒါခေါ်ယူ၍ စာချုပ် ချုပ်ဆို၍လည်းကောင်း စုစုပေါင်းကျပ်သန်းပေါင်း ၁၀၅.၇၀၈ ဘီလီယံကျပ်တန်ဖိုးရှိ ဆေးရုံသုံးပရိ ဘောဂများ၊ စက်ကိရိယာများဝယ်ယူရန် ဆောင်ရွက်နေပြီးဖြစ်ပါတယ်။ သာမန်အသုံးစရိတ်ရန်ပုံငွေ ဖြင့် ကျပ်သန်းပေါင်း ၁၄.၈၇၆

ဘီလီယံ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများကိုလည်း စက်မှုဝန်ကြီး ဌာနသို့ အမှာစာပေးပို့၍လည်းကောင်း၊ ၂၈.၉၅၁ ဘီလီယံတန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်း ကိရိယာ များကို တင်ဒါခေါ်ယူစာချုပ်ချုပ်ဆို၍လည်းကောင်း၊ စုစုပေါင်း ၄၃.၈၂၇ ဘီလီယံတန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းကိရိယာများ ဝယ်ယူရန် ဆောင်ရွက်နေပြီးဖြစ်ပါတယ်။

ဆေးသိပ္ပံဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ဆောင်ရွက်မည့် ဆောင်ရွက်ဆဲလုပ်ငန်း ၄ ခုနှင့် ဖြည့်စွက်လုပ်ငန်း ၅၀ ခုတို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များနှင့် ဆေးသိပ္ပံပညာဦးစီးဌာန(ရုံးချုပ်)တို့မှ တင်ဒါများခေါ်ယူ၍ စိစစ်ရွေးချယ်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ခွင့်ရရှိရန်အတွက် လုပ်ငန်းကုမ္ပဏီအဖွဲ့အစည်းများနှင့် လုပ်ငန်းအပ်နှံစာချုပ်များချုပ်ဆိုပြီး လုပ်ငန်းများစတင်ဆောင်ရွက်လျက်ရှိပါတယ်။ လုပ်ငန်းစီမံကိန်းအသစ်ဖြစ်သော တောင်ကြီးဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်း စီမံကိန်းအတွက် ၁၃-၁-၂၀၁၄ ရက်နေ့တွင် လုပ်ငန်းဆောင်ရွက်မည့် ကုမ္ပဏီအဖွဲ့အစည်းများနှင့် လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပြီး လုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ရုံးသုံးစက်ကိရိယာများ သင်ကြားရေးအထောက် အကူပြုစက်ပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် တင်ဒါခေါ်ယူရွေးချယ်ပြီးဖြစ်၍ ပစ္စည်းဝယ်ယူရေး စာချုပ်များ ဆက်လက်၍ ချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆေးသုတေသနဦးစီးဌာန အောက်မြန်မာပြည်အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံး ငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်ရန်ရှိသော ဖြည့်စွက်လုပ်ငန်း(ဆောက်လုပ်ရေးလုပ်ငန်း) ခုနစ်ခုစလုံးကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လတွင် လုပ်ငန်းစတင်ပြီး အပြီးသတ်နေမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆေးသုတေသနဦးစီးဌာန(အထက်မြန်မာပြည်)ဝင်းအတွင်းရှိ ၃၃/၀.၄ ကေဗွီ၊ ၁၁၅ ကေဗွီအေဓာတ်အားခွဲရုံတည်ဆောက်ခြင်းနှင့် ၃၃ ကေဗွီဓာတ်အားလိုင်း ၃၅၀၀ ပေတည်ဆောက်ခြင်းလုပ်ငန်း များကို ၇-၅-၂၀၁၃ ရက်နေ့တွင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၆ ခန်းတွဲဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း အုတ်ညှပ်သွပ်မိုးတစ်ထပ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင် လုပ်ငန်း၊ ဆေးသုတေသနဝင်း လုံခြုံရေးအတွက် အုတ်တံတိုင်းခြံစည်းရိုး ပြုလုပ်ခြင်းလုပ်ငန်းနှင့် အဝီစိရေတွင်း တစ်တွင်း၊ အုတ်ရေကန်၊ သစ်သား ရေစင်၊ ရေမော်တာ၊ ရေစက်အိမ်ဆောက်လုပ်ခြင်းလုပ်ငန်း သုံးခုအား အိတ်ဖွင့်တင်ဒါဖြင့်ခေါ်ယူ၍ စိစစ်ရွေးချယ်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီသို့ တင်ပြ ထားကြောင်းတင်ပြအပ်ပါတယ်။ သဘောတူညီချက် ရရှိပါက လုပ်ငန်းများစတင်ဆောင်ရွက်မည်ဖြစ် ပါတယ်။

မူကြမ်း

ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း)အနေဖြင့် ဦးစီးဌာနအား ပိတ်သိမ်းရန် ဆောင်ရွက်နေပါသောကြောင့် ဖြည့်စွက်လုပ်ငန်းများ၊ စက်ကိရိယာနှင့် ရုံးသုံးစက်ကိရိယာများဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိပါကြောင်း တင်ပြအပ်ပါတယ်။ တိုင်းရင်းဆေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် ဆောင်ရွက်မည့် ဖြည့်စွက် လုပ်ငန်း ၁၅ ခုနှင့် လုပ်ငန်းသစ် ၁၅ ခုတို့အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့လမ်းညွှန် ချက်ဖြင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနများမှ တင်ဒါခေါ်ယူ၍ ရွေးချယ် ဆောင်ရွက်ခဲ့ရာ ဖြည့်စွက်လုပ်ငန်း ခြောက်ခု၊ လုပ်ငန်းသစ် ခြောက်ခုအတွက် ရန်ပုံငွေကျပ်သန်းပေါင်း ၅၂၇.၇၉၀ အားခွဲဝေခဲ့ပြီး ဆောင်ရွက်နေပါတယ်။ ကျန်ဖြည့်စွက်လုပ်ငန်း ရှစ်ခုနှင့် လုပ်ငန်းသစ် ကိုးခုအတွက် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အဦဆောက် လုပ်ခြင်းလုပ်ငန်း အစား ဇီးကုန်းမြို့နယ်သို့ ပြောင်းရွှေ့ဆောက်လုပ်ရန်အတွက်လည်းလွှဲ ပြောင်းသုံးစွဲ ခွင့်တင်ပြထားကြောင်း တင်ပြအပ်ပါတယ်။

ဖြည့်စွက်လုပ်ငန်းတစ်ခုဖြစ်သော အမျိုးသားပရဆေးဥယျာဉ်တွင် ပျိုးစင်ဆောက်လုပ်မည့် လုပ်ငန်းကို ယခုနှစ်တွင် ဆောင်ရွက်ခြင်းမပြုတော့ပါ။ လုပ်ငန်းသုံး၊ ရုံးသုံးစက်ကိရိယာများ ဝယ်ယူ ရေးအတွက် တင်ဒါခေါ်ယူစိစစ်ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ရုံးသုံးယာဉ်၊ မော်တော်ယာဉ် ဝယ်ယူရန်အတွက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုးသူရ၊ ကျုံပျော်မဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံအား လက်ရှိအဆင့်မှ ခုတင် (၅၀) အထူးကုဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါက်တာစိုးသူရ၊ ကျုံပျော်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာ ချမ်းသာကြပါစေကြောင်း မေတ္တာပို့သဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဧရာ ဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံအား အဆင့်မြှင့်တင်ပေးနိုင်ရန်ကိစ္စနှင့် ပတ် သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံသည် ၁၆ ခုတင်ဆံ့ ဆေးရုံအဆင့်မှ ၂၅ ခုတင်ဆံ့ဆေးရုံအဆင့်သို့ နိုင်ငံတော်မှ ၂၀၀၉ ခုနှစ်တွင် တိုးမြှင့်ခွင့်ပြုခဲ့ပါတယ်။ ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံသည် မြို့ပေါ်(၄)ရပ်ကွက်တွင် နေထိုင်ကြသော ပြည်သူလူထုများ၊ မြို့နယ်မှ တိုက်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၊ နယ်နိမိတ်ချင်းထိစပ်နေသော ရေကြည်မြို့ နယ်အတွင်းရှိ ကျေးရွာများတွင်နေထိုင်ကြသော ကျေးလက်နေပြည်သူများ၏ မှီခိုအားထားရာ ဆေးရုံလည်း ဖြစ်ပါတယ်။ ၎င်းအပြင် ကျုံပျော်မြို့နယ်၏ တိုက်နယ်ဆေးရုံများဖြစ်သော အထောင် တိုက်နယ်ဆေးရုံ၊ ရေစခန်း တိုက်နယ်ဆေးရုံ၊ အင်းရဲတိုက်နယ်ဆေးရုံနှင့် ဒိုက်တပ်ကင်းတိုက်နယ် ဆေးရုံတို့မှ လွှဲပြောင်းပို့လွှတ်သော လူနာများအားလည်း စောင့်ရှောက်ကုသပေးလျက်ရှိသော ဆေးရုံ တစ်ရုံဖြစ်ပါတယ်။ လူနာဦးရေများပြား လေ့ရှိသော မိုးရာသီတွင် လူနာများမှာ ကျဉ်းကြပ်စွာမျှတနေ ထိုင်ကြရပြီး လိုအပ်ချက်များရှိပါက အချို့မှာ ညွှန်းပို့လွှဲပြောင်းခြင်းလည်း ခံကြရပါတယ်။ ဟသ်ာတ ပြည်သူ့ဆေးရုံသို့သွားမည်ဆိုလျှင် မိုင် ၄၀ ခန့်သွားရမည်ဖြစ်ပြီး ပုသိမ်ဆေးရုံကြီးသို့သွားရမည်ဆိုလျှင် မိုင် ၆၀ ကျော်သွားရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ သွားလာရေးအခက်အခဲများနှင့် ငွေကြေးအခက်အခဲ များပါကြုံတွေ့ကြရသဖြင့် ဒေသခံဆင်းရဲနွမ်းပါးသူများ၊ ကျေးလက်နေပြည်သူများ၏အားထားရာဖြစ် သော ကျုံပျော်မြို့နယ် ပြည်သူ့ဆေးရုံအား လက်ရှိအဆင့်မှ ခုတင် (၅၀) အထူးကုဆေးရုံအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရသေ့တောင်မြို့နယ်၊ မူစေးကျွန်းပေါ်တွင် အကြီးဆုံးနှင့်အချက်အခြာအကျဆုံး ကျေးရွာဖြစ်သော (ကူတောင်ရွာ) ၌ တိုက်နယ်ဆေးရုံတစ်ခုဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေဖြစ်ပါတယ်။ ရှိသေ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်အတွင်းရှိ မူစေးကျွန်းဟာ ရခိုင်ပြည်နယ်ရှိ အကြီးဆုံးကျွန်းများအနက် တစ်ကျွန်းအပါအဝင် ဖြစ်ပါတယ်။ ၎င်းကျွန်းဟာ အလျား ရှစ်မိုင်ခန့်ရှိပြီး ကျေးရွာ ၂၄ ရွာပါဝင်တဲ့ ကျွန်းကြီးတစ်ကျွန်းဖြစ်ပြီးတော့ ယခင်ကတိုက်နယ်အဆင့် သတ်မှတ်ခဲ့ဖူးပါတယ်။ ယင်းလမ်းမကြီးကိုအမှီပြုပြီးတော့ တစ်ဖက်တစ်ချက်မှာရှိတဲ့ ကျေးရွာပေါင်း ၂၄ ရွာ နေထိုင်သော ပြည်သူများမှာ ခြေလျင်၊ စက်ဘီး၊ ဆိုင်ကယ်နဲ့သွားလှည်းတို့ဖြင့် ကူးလူးဆက်သွယ် သွားလာနိုင်ကြပါတယ်။ ဖော်ပြပါမူစေးကျွန်းပေါ်တွင် ကူတောင်ရွာ၌ အထက်တန်းကျောင်းတစ် ကျောင်းနှင့် ကျွန်းအနှံ့အပြား၌ အလယ်တန်းကျောင်းခွဲတစ်ကျောင်း၊ အထက်တန်းကျောင်းခွဲတစ် ကျောင်း၊ အလယ်တန်းကျောင်း တစ်ကျောင်းနှင့် မူလတန်းကျောင်းများ ရွာတိုင်းမှာရှိပါတယ်။ လုံခြုံရေး အရ ရဲစခန်းတစ်ခုလည်းရှိပါတယ်။ သို့ရာတွင် ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် အားနည်းပြီး ပညာရေးနှင့်ကျန်းမာရေးဟန်ချက်မညီ ဖြစ်နေကြောင်းတွေ့ရှိရပါတယ်။ ရသေ့တောင်မြို့နယ်၊ မူစေး ကျွန်းဟာ ရသေ့တောင်မြို့နှင့် မြစ်ငယ်နှစ်စင်း၊ စစ်တွေမြို့နှင့် အကျယ်တစ်မိုင်ခွဲခန့်ရှိတဲ့ မြစ်ကြီးတစ် စင်းခြားနေတဲ့အတွက် နီးလျက်နှင့်ဝေးနေရပါတယ်။ အထူးသဖြင့် လေပြင်းတိုက်ခတ်တဲ့ မိုးတွင်းကာလ မှာ လှိုင်း၊ လေကြမ်းတမ်းမှုကြောင့် ကျန်းမာရေးချို့တဲ့ တဲ့လူနာများ၊ ကိုယ်ဝန်ဆောင်မွေးလူနာများ အချိန်မီ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ခြင်းမရှိဘဲ ဖြစ်နေကြပါတယ်။ မိုးရာသီ မုန်တိုင်းဖြစ်ပေါ် ပြီဆိုလျှင် စစ်တွေ၊ ရသေ့တောင်မြို့များနှင့် သုံးလေးရက် အဆက်အသွယ်လုံးဝပြတ်တောက်သွားတတ် ပါတယ်။ ဒါကြောင့် လူနာများဟာ အသက်မဆုံးရှုံးသင့်ပဲ ဆုံးပါးသွားတာကိုလည်း တွေ့ရှိရပါတယ်။ ယခုအခါမှာ ကူတောင်ရွာရှိ ပြည်သူများမှလည်း တိုက်နယ်ဆေးရုံ ဆောက်လုပ်ဖွင့်လှစ်ပေးနိုင်ရန်အတွက် မြေ လေးဧကကို မိဘပြည်သူများ၏ ထည့်ဝင်ငွေဖြင့် လက်ဝယ် ပိုင်ဆိုင်ထားပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ ၍ သက်ဆိုင်ရာဌာန ဝန်ကြီးအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ရှင်။

ရသေ့တောင်မြို့နယ် မူစေးကျွန်းပေါ်တွင် အကြီးဆုံးနှင့် အချက်အခြာအကျဆုံး ကျေးရွာဖြစ်တဲ့ ကူတောင်ရွာ၌ တိုက်နယ်ဆေးရုံတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန် တွင်ဖွင့်လှစ်ပေးပါမည်၊ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံး ကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**နမ့်စန်မြို့နယ်အတွင်းရှိ အုံလွိုင်ယဲကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ခိုလန်ကျေးလက်ကျန်းမာရေးဌာန အတွက် ဆေးခန်းနှင့်ဝန်ထမ်းများနေထိုင်ရန် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ပါရန်နှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဌေးလွင်၊ နမ့်စန်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်မဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။ နမ့်စန်မဲဆန္ဒနယ်က ဦးဌေးလွင်ရဲ့ ကိုယ်စား မေးခွန်းများကို မေးမြန်းတင်ပြသွားပါမယ်ခင်ဗျား။ ဦးဌေးလွင်မေးထားတဲ့မေးခွန်းကတော့ သုံးခုဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန် မြို့နယ်အတွင်းရှိ နားရိုင်းကျေးလက်ကျန်းမာရေးဌာနလက်အောက်ရှိ အုံလွိုင်ယဲကျေးလက်ကျန်းမာ ရေးဌာနခွဲသည် သားဖွားဆရာမ ရှိပါသည်။ ဆေးခန်းအဆောက်အဦနှင့် ဆရာမနေထိုင်ရန်အဆောက် အဦလိုအပ်ပါသဖြင့် အုံလွိုင်ယဲကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အဦနှင့် ဆရာမနေထိုင်ရန် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ပါရန်အတွက် လေးစားစွာ တင်ပြအပ်ပါတယ်။

မေးခွန်းနံပါတ် (၂) ကတော့ ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ် ခိုလန်မြို့နယ်ခွဲ၊ ခိုလန် ကျေးလက်ကျန်းမာရေးဌာနရဲ့မြေနေရာကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂၂ ရက်နေ့မှာ လွှဲပြောင်းပေးခဲ့ရပါတယ်။ ခိုလန်ကျေးလက်ကျန်းမာရေးဌာနအတွက် ကာလေရွာ ကိုရွေးချယ် ပြောင်းရွှေ့ သတ်မှတ်ထားတယ်ဆိုတာကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ခိုလန် ကျေးလက်ကျန်းမာရေး ဌာနခွဲအတွက် ဆေးခန်းနှင့် ဝန်ထမ်းများနေထိုင်ရန်အတွက် အဆောက်အဦ ဆောက်လုပ်ပေးနိုင်ရန် လေးစားစွာဖြင့်တင်ပြအပ်ပါတယ်ခင်ဗျား။

မေးခွန်းနံပါတ် (၃) ကတော့ ကာလေကျေးလက်ကျန်းမာရေးဌာနခွဲကိုလည်း နားလောကျေးရွာ သို့ ရွေးချယ်သတ်မှတ်ခဲ့သဖြင့် နားလောကျေးရွာ၌ ဆေးခန်းမြေနေရာနှင့်ဆေးခန်းအဆောက်အဦ မရှိ သေးပါသဖြင့် ဆေးခန်းမြေနေရာနှင့် ဆေးခန်းအဆောက်အဦဆောက်လုပ်ပေးနိုင်ရန်အတွက် တင်ပြ အပ်ပါတယ်။ အထက်ဖော်ပြပါ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲတို့အတွက် မြေနေရာ၊ ဆေးခန်းနှင့် ဝန်ထမ်းအဆောက်အဦများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း

နှင့်ထည့်သွင်းဆောင်ရွက်ပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေး မြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

[ဦးဌေးလွင်၊ နမ့်စန်မဲဆန္ဒနယ်ကိုယ်စား ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်မှ မေးမြန်းပါသည်]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနမှ မေးခွန်းများကို တစ်ဆက်တစ်စပ်တည်း ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဧရာဝတီတိုင်းဒေသ ကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရ၏မေးခွန်းကို ရှေးဦး စွာတင်ပြ ဖြေကြားသွားပါမယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ် (၂၅)ခုတင်ဆံ့ ပြည်သူ့ ဆေးရုံအား ခုတင်(၅၀)ဆံ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာ ရေးနှစ်အတွင်း ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြ အပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ၏မေးခွန်းအား ဆက်လက်ဖြေကြားသွားပါမယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနမှ ဆေးရုံအသစ်ဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာန အသစ်ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဖွင့်လှစ်ခြင်းများကို စီမံကိန်းနှစ်အလိုက် ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ် မူစေးကျွန်း (ကူတောင်)ကျေးရွာတွင် တိုက်နယ်ဆေးရုံတစ်ရုံ အသစ်ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဖွဲ့စည်းပုံ ခွင့်ပြုချက်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရှမ်းပြည်နယ်၊ နမ့်စန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးလွင် (ခ)ဦးဒီလုံး၏မေးခွန်းအား ဆက်လက်ဖြေကြားသွားပါမယ်။ ရှမ်းပြည်နယ်၊ နမ့်စန်မြို့နယ်အတွင်းရှိ အုံလွိုင်ယဲကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်ဆောက်လုပ်ပေးရန်၊ ခိုလန်ကျေးလက် ကျန်းမာရေးဌာန အဆောက်အဦနှင့် နားလောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် တည် ဆောက်ပေးရေးတို့နှင့်ပတ်သက်၍ မြို့နယ်များတွင် အထောက်အကူပြုကော်မတီများ ဖွဲ့စည်းထားပြီး ဖြစ်ရာ

မြို့နယ်အလိုက်လိုအပ်ချက်များအား မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့၊ ကျန်းမာရေး ဦးစီးဌာနတို့ ညှိနှိုင်း၍ ဒေသန္တရစီမံကိန်းများတွင် ထည့်သွင်းလျာထား ဆောင်ရွက်သင့် ပါကြောင်းနှင့် သက်ဆိုင်ရာတိုင်း ဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့က တင်ပြလာသော ဒေသန္တရစီမံကိန်း နှင့်ကျန်းမာရေး ဝန်ကြီးဌာန၏ ကဏ္ဍအလိုက်စီမံကိန်းများကို စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေး ကော်မရှင်တို့တွင် ထည့်သွင်းညှိနှိုင်းပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုရရှိသော ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်းတင်ပြအပ်ပါတယ်။ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တ ရပ်နားပါမယ်။

**အချိန်၊ ၁၀း ၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၅၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်း အဝေးပြန်လည် စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီက တင်သွင်းသည့် လျှပ်စစ် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ကျော်ပြီးတော့ အစီအစဉ် ၇ ဖြစ်ပါမယ်။ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီက တင်သွင်းတဲ့ လျှပ်စစ်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင် အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုပြီး လွှတ်တော်ရဲ့အဆုံးအဖြတ် ရယူရမယ့်အစီအစဉ်ဖြစ်ပါတယ်။ ဒီအချိန်မှာ ပြည်ထောင်စုဝန်ကြီးရောက်ရှိပြီးတော့ နိုင်ငံတော်သမ္မတ ကြီးရဲ့

မူကြမ်း

သဘောထားနဲ့ ပြည်ထောင်စုဝန်ကြီးရဲ့တင်ပြချက်ကို မိမိ လွှတ်တော်ပြင်ပချိန်မှာ လက်ခံရရှိပါ တယ်။ ဒါကြောင့်မို့လို့ တက်ရောက်လာတဲ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးက ရှင်းလင်းတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်စိုး(ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေဖြင့် လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီမှ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြခြင်းနှင့် ပတ်သက်ပြီး ဖြည့်စွက်တင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါသည်။ ယခုရေးဆွဲထားသည့် လျှပ်စစ်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီနှင့်အတူ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပူးပေါင်းပါဝင်ပြီး ရေးဆွဲထားပါသဖြင့် ပြီးပြည့်စုံသော ဥပဒေကြမ်းတစ်ရပ်ဖြစ်ပါသည်။ သို့သော်လည်း ကမ္ဘာ့ဘဏ်မှ လျှပ်စစ်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပြင်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများဝင်လာရန်နှင့် ပုဂ္ဂလိက အခန်းကဏ္ဍဖြစ်သော Corporation များ၊ ဘုတ်အဖွဲ့များ ဖွဲ့စည်းရာတွင် လိုအပ်သည်များ နိုင်ငံတကာ စံချိန်စံညွှန်းနှင့်ညီအောင် ဆောင်ရွက် နိုင်ရန်အတွက် ဥပဒေအချို့အား ထပ်မံအကြံပြုပေးပို့လာခဲ့ပါသည်။ သို့ပါ၍ နိုင်ငံတော်သမ္မတကြီးထံ မှလည်း လွှတ်တော်သို့ လျှပ်စစ်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး သဝဏ်လွှာထပ်မံ၍ ပေးပို့သွားမည်ဖြစ် ကြောင်းနှင့် လျှပ်စစ်ဥပဒေကြမ်းနှင့်ပတ်သက်ပြီး ပိုမိုကောင်းမွန်သော ဥပဒေတစ်ရပ်အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ဆက်လက်ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ။** ။ ကောင်းမွန်သော ရည်ရွယ်ချက်နဲ့ ဥပဒေကို ဒီထက်ပိုမိုပြီးတော့ အကျိုးရှိအောင်ဆောင်ရွက်ဖို့ ဆွေးနွေးညှိနှိုင်းခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင် ခွင့်အရ ဆက်လက်ဆွေးနွေးမယ့်၊ တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေးမယ့်အတည်ပြုချက်ကို ဒီနေ့ ဆောင်ရွက်ခြင်းမရှိဘဲနဲ့ ခေတ္တရပ်ဆိုင်းထားမည်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ ထိုနည်းတူစွာပဲ ပြည်သူ့ရေးရာစီမံခန့်ခွဲရေးကော်မတီက အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း နှင့်စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုရန်နဲ့ အဆုံးအဖြတ်ယူရန် ဒီနေ့အစီအစဉ်မှာ ထည့်သွင်းရေးဆွဲထားပါတယ်။ သက်ဆိုင်ရာပြည်ထောင်စု ဝန်ကြီးရဲ့ တာဝန်ပေးချက်အရ ဒုတိယဝန်ကြီးလာရောက်ပြီးတော့ လွှတ်တော်ရဲ့ပြင်ပမှာ တင်ပြပါတယ်။ တင်ပြချက်အပေါ် မူတည်ပြီးတော့ ဥပဒေကြမ်းကော်မတီ ပြီးတဲ့အခါမှာ ဒီဥပဒေကို စတင်ရေးဆွဲတင်ပြ ခဲ့တဲ့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ပြီးတဲ့အခါမှာ လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့နဲ့ တိုင်ပင် ညှိနှိုင်းဆွေးနွေးကြပါတယ်။

တင်ပြချက်တွေနားထောင်ကြည့်ပါတယ်။ နားထောင်ကြည့်တဲ့ အခါမှာ ဒီဥပဒေဟာ မိမိတို့နိုင်ငံအတွက် ပြဌာန်းဖို့အလိုအပ်ဆုံး ဥပဒေတစ်ခုတည်းမှာ ပါဝင်နေကြောင်း၊ ဒီဥပဒေနဲ့ပတ်သက်ပြီးတော့ အကြိမ်ကြိမ် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း ဒီလိုညှိနှိုင်းတဲ့နေရာမှာ သက်ဆိုင် ရာဝန်ကြီးဌာန ပညာရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများမှာ ပါဝင်ခဲ့ကြောင်း ဥပဒေကြမ်းရေးဆွဲ တင်ပြတဲ့ ဦးတင်မောင်ဦးက ပြန်လည်ပြီးတော့ ဆွေးနွေးတင်ပြပါတယ်။ ဒီအခါမှာလည်း သက်ဆိုင်ရာ ပြည်ထောင်စု ဒုတိယဝန်ကြီးက ဒါနဲ့ပတ်သက်လို့ ဥပဒေရဲ့မူလသဘောသဘာဝကို ပြင်ဆင်လိုဖို့ အတွက် လာရောက်ခြင်းမဟုတ်ကြောင်း၊ သို့ရာတွင် တချို့ ကိစ္စလေးတွေကတော့ စကားလုံးကျစ်လစ်မှု၊ ခိုင်မာမှုအတွက် လေ့လာတဲ့အခါမှာ လိုအပ်တာတွေ့ရကြောင်း၊ ဒီလိုတင်ပြတဲ့နေရာမှာ နည်းလမ်း နှစ်ခု ကျွန်တော်စဉ်းစားပါတယ်။ တစ်ခုကတော့ ဒီဥပဒေကို ဒီနေ့ အတည်ပြုပြဌာန်းပြီး နောက်မှ နည်းဥပဒေအပိုင်းနဲ့ အခြားအပိုင်းက လိုက်ပါဆောင်ရွက်တဲ့နည်းလမ်းတစ်ခု၊ နောက်နည်းလမ်းတစ်ခု ကတော့ အခုလိုတင်ပြချက်ကို ကျွန်တော်တို့လက်ခံပြီး ပြီးခဲ့တဲ့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တင်ပြသလို တင်ပြချက်အပေါ်မူတည်ပြီးတော့ ဒီနေ့ဥပဒေပြဌာန်းဖို့ကို ခေတ္တရပ်ဆိုင်းပြီးတော့ အဲ့ဒီ ရပ်ဆိုင်းတဲ့အချိန်မှာပဲ အခုန စကားလုံးကျစ်လစ်အောင်၊ ပိုခိုင်မာအောင်နဲ့ တချို့ ဥပဒေရဲ့အနှစ်သာရ မပျက်အောင်ဆောင်ရွက်ဖို့နည်းလမ်းကို စဉ်းစားတဲ့အခါမှာ ဒုတိယနည်းလမ်းက ပိုပြီးတော့ ကိုက်ညီ မယ်လို့၊ အဆင်ပြေမယ်လို့ ကျွန်တော် ထင်ပါတယ်။ အဲ့ဒီနည်းလမ်းကို လုပ်ဆောင်ဖို့အတွက်လည်း လွှတ်တော် ဥက္ကဋ္ဌမှာ လုပ်ပိုင်ခွင့်ရှိတဲ့အတွက် ဒီနည်းလမ်းကို ရွေးချယ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲ့လိုဆောင်ရွက်တဲ့ နေရာမှာလည်း ဒီဥပဒေဟာ ထွက်ပေါ်လာဖို့ အချိန်တန်ပြီ။ အချိန်တန်တာဖြစ်တဲ့ အတွက် ခုနက ပြင်ဆင်ဖို့၊ ဖြည့်စွက်ဖို့၊ အကြံပြုချက်များကိုလည်း ရက်ပိုင်းအတွင်းမှာပဲ ဆောင်ရွက် ပေးစေလိုပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ သက်ဆိုင်ရာစီမံခန့်ခွဲ ရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၊ သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သက်ဆိုင်သူများကို အမြန်ဆုံးခေါ်ယူပြီး တော့ ဒီဥပဒေ ရှေ့အပတ်ထဲမှာ ပြန်လည်ပြီးတော့အတည်ပြုရနိုင်ဖို့အတွက် ဆောင်ရွက်စေလိုပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူ့ရေးရာစီမံ ခန့်ခွဲမှုကော်မတီကတင်သွင်းတဲ့ အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်း ဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး ၍အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံး အဖြတ်ရယူခြင်းကိစ္စအား လွှတ်တော်ဥက္ကဋ္ဌရဲ့ လုပ်ပိုင်ခွင့်အတွင်း မှ ရပ်ဆိုင်းထားမည်ဖြစ်ကြောင်းနှင့် ဒီဥပဒေကို လာမယ့်အပတ်ထဲမှာ အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မပျက်မကွက် ဆောင်ရွက်သွားဖို့ လွှတ်တော်ဥက္ကဋ္ဌက ဆုံးဖြတ် ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အားလုံးက သခ်ီရတွေပါပဲ။ ဘယ်သူမှ ဒီနေရာမှာ မြဲမှာလည်းမဟုတ်ဘူး။ မြဲဖို့ကြိုးစားလည်း မမြဲပါဘူး။ မိမိတို့တာဝန်ယူရဆဲအချိန်ကာလမှာ စိတ်ကောင်းစေတနာထားပြီးတော့ မိမိတို့

မူကြမ်း

လုပ်ရမယ့်လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ဆောင်ရွက်ရမယ်။ ဒီနေရာမှာ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းများရှိသလို တချို့ကိစ္စများမှာလည်း ရဲရဲဝံ့ဝံ့သတ္တိရှိရှိနဲ့ ဆောင်ရွက်ရမှာ၊ လိုအပ်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ကျွန်တော်တို့ရဲ့ ဆုံးဖြတ်ဆောင်ရွက်မှုဟာ ပို၍ပို၍ ကောင်းလာအောင် ထိုက်သင့်တဲ့ အချိန်လေး ပြန်လည်ပေးပြီးတော့ ဆောင်ရွက်ရတယ်ဆိုတဲ့ကိစ္စကိုလည်း မူလ ဒီဥပဒေကြမ်းတင်သွင်းခဲ့တဲ့ သယံဇာတနဲ့ဆိုင်တဲ့ကော်မတီ၊ ဥပဒေကြမ်းကော်မတီ၊ ထိုနည်းတူစွာပဲ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီများက နားလည်ကြမှာ ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီနေ့တော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂) ရက်မြောက်နေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့အတွက် အစည်းအဝေးပြီးဆုံး ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂:၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၁၂:၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]